**Annexure List**

**Annexure 1** **:** Letter to conduct EMP with Letter No. YaKa/EIA/2/(2321/2024)

**Annexure 2** : Plans and Activities for Occupational Health & Fire Safety

## Annexure 1: Letter to conduct EMP with Letter No. YaKa/EIA/2/(2321/2024)


**တိုင်းဒေသကြီး ညွှန်ကြားရေးမှူးရုံး**

**ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန**

**ရန်ကုန်တိုင်းဒေသကြီး၊ ရန်ကုန်မြို့**

**အမှတ် ၁၀ (ဂျေ)၊ ၅၅ လမ်း (ကုန်သည်လမ်းနှင့် ကမ်းနားလမ်းကြား)၊ ဗိုလ်တထောင်မြို့နယ်၊ Postal Code– 11161**

**ဖုန်း– ၀၁၈၂၀၃၈၃၈၊ ဖက်စ်– ၀၁၈၂၀၃၈၃၉၊ အီးမေးလ်– ygnecd@gmail.com**


---

စာအမှတ်၊ ရက/ EIA/ ၂ (၂၃၂၁/၂၀၂၄)

ရက်စွဲ၊ ၂၀၂၄ ခုနှစ်၊ ဇူလိုင်လ ၁၈ ရက်

သို့

ဒါရိုက်တာ

Sweet Angel Co., Ltd.

အကြောင်းအရာ။ **Sweet Angel Co., Ltd. ၏ ပလတ်စတစ်ဘူး၊ ခြင်းနှင့် ခွက်များထုတ်လုပ်ရောင်းချခြင်းလုပ်ငန်းနှင့်ပတ်သက်၍ လိုအပ်သည့် ပတ်ဝန်းကျင်ဆန်းစစ်ခြင်း အမျိုးအစားအား ဆက်လက်အကြောင်းကြားခြင်း**

ရည်ညွှန်းချက်။ (၁) Sweet Angel Co., Ltd. ၏ ၂၂–၅–၂၀၂၄ ရက်စွဲပါတင်ပြစာ

(၂) ရန်ကုန်တိုင်းဒေသကြီး၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန၊ ညွှန်ကြားရေးမှူးရုံး၏ ၆–၆–၂၀၂၄ ရက်စွဲပါစာအမှတ်၊ ရက/ EIA/ ၂ (၁၈၄၀/၂၀၂၄)

၁။ ရန်ကုန်တိုင်းဒေသကြီး၊ မြောက်ပိုင်းခရိုင်၊ ရွှေပြည်သာမြို့နယ်၊ (၁) ရပ်ကွက်၊ စက်မှု (၇) လမ်း၊ အမှတ် (၁၀၄)၊ မြေဧရိယာ (၁.၃၇၇) ဧကတွင် Sweet Angel Co., Ltd. မှ ပလတ်စတစ်ဘူး၊ ခြင်းနှင့် ခွက်များထုတ်လုပ်ရောင်းချခြင်းလုပ်ငန်းနှင့်ပတ်သက်၍ ပတ်ဝန်းကျင်ဆိုင်ရာ သဘောထားမှတ်ချက်အား ပြန်ကြားပေးနိုင်ပါရန် စီမံကိန်းအဆိုပြုလွှာအား ရည်ညွှန်း (၁) ပါစာဖြင့် တင်ပြလာမှုအရ လုပ်ငန်းအဆိုပြုလွှာ၏ စိစစ်တွေ့ရှိချက်များနှင့်တကွ ပတ်ဝန်းကျင်ဆိုင်ရာ သဘောထားမှတ်ချက် ပြန်ကြားနိုင်ပါရန် ရည်ညွှန်း (၂) ပါစာဖြင့် ရုံးချုပ်သို့ တင်ပြခဲ့ပါသည်။

၂။ ရုံးချုပ်၏ ၁၁–၇–၂၀၂၄ ရက်စွဲပါပြန်ကြားချက်အရ Sweet Angel Co., Ltd. မှ ပလတ်စတစ်ဘူး၊ ခြင်းနှင့် ခွက်များထုတ်လုပ်ရောင်းချခြင်းလုပ်ငန်းနှင့်ပတ်သက်၍ ပတ်ဝန်းကျင်ဆိုင်ရာ သဘောထား မှတ်ချက်ပြန်ကြားမှုအား တစ်ဖက်ပါအတိုင်း ဆက်လက်အကြောင်းကြားအပ်ပါသည်–

(က) အဆိုပြု Sweet Angel Co., Ltd. မှ ပလတ်စတစ်ဘူး၊ ခြင်းနှင့် ခွက်များထုတ်လုပ်ရောင်းချခြင်းလုပ်ငန်းအတွက် ပတ်ဝန်းကျင်စီမံခန့်ခွဲမှုအစီအစဉ် (EMP) ရေးဆွဲပြုစုရန်၊

(ခ) ပတ်ဝန်းကျင်ထိခိုက်မှုဆန်းစစ်ခြင်းဆိုင်ရာ လုပ်ထုံးလုပ်နည်း အပိုဒ် ၇၆ အရ "စီမံကိန်းအဆိုပြုသူသည် ပတ်ဝန်းကျင်စီမံခန့်ခွဲမှုအစီအစဉ် ရေးဆွဲခြင်းကို မိမိကိုယ်တိုင်သော်လည်းကောင်း၊ အပိုဒ် ၁၈ နှင့်အညီ လုပ်ငန်းလိုင်စင်ရယူထားသော ပုဂ္ဂိုလ် သို့မဟုတ် အဖွဲ့အစည်းကို ခန့်အပ်၍သော်လည်းကောင်း" ဆောင်ရွက်ရန်နှင့် လုပ်ငန်းလိုင်စင်ရယူထားသော ပုဂ္ဂိုလ် သို့မဟုတ် အဖွဲ့အစည်းဖြင့် ဆောင်ရွက်မည်ဆိုပါက လုပ်ငန်းလိုင်စင်ဆိုင်ရာ လုပ်ထုံးလုပ်နည်း အပိုဒ် ၅၀ အရ လေ့လာဆန်းစစ်ရေးအဖွဲ့တွင် အကြံပေးပုဂ္ဂိုလ် သို့မဟုတ် တွဲဖက်အကြံပေးပုဂ္ဂိုလ် အနည်းဆုံးနှစ်ဦးဖြင့် ဆောင်ရွက်ရန်၊

(ဂ) ပတ်ဝန်းကျင်ထိခိုက်မှုဆန်းစစ်ခြင်းဆိုင်ရာ လုပ်ထုံးလုပ်နည်း အပိုဒ် ၆၃ (ဇ)၊ ၇၆၊ ၇၇ တို့နှင့်အညီ ပတ်ဝန်းကျင်စီမံခန့်ခွဲမှုအစီအစဉ်ကို သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာနသို့ တင်ပြအတည်ပြုချက်ရယူရန်။

(ကျော်ဆန်းနိုင်)
ညွှန်ကြားရေးမှူး

မိတ္တူကို

ညွှန်ကြားရေးမှူး၊ ပတ်ဝန်းကျင်ထိခိုက်မှုဆန်းစစ်ရေးဌာန၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန၊ နေပြည်တော်

လက်ထောက်ညွှန်ကြားရေးမှူး၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန၊ ရန်ကုန်မြောက်ပိုင်းခရိုင်ရုံးလက်ခံ၊ မျှောစာတွဲ၊ အမှုတွဲချုပ်

# Annexure 2: Plans and Activities for Occupational Health & Fire Safety

လုပ်ငန်းခွင်ဘေးအန္တရာယ်ကင်းရှင်းရေး အတွက် ဆောင်ရွက်ထားရှိမှု အခြေအနေ

၁။ ဝန်ထမ်းများလုပ်ငန်းခွင်ဘေးအန္တရာယ်ကင်းရှင်းရေး အတွက် လုပ်ငန်းအလိုက် လိုအပ်သော နာခေါင်း စည်း၊ ခေါင်းစွပ်၊ လက်အိတ်၊ apron ၊ Safety Shoe ၊ Ear Plug ၊ Ear Muff ၊ High jacket ၊ Goggle ၊ Reflective Jacket ၊ First aid Box များထားရှိပေးထားပါသည်။




ဌာနအလိုက် PPE Box များစီစဥ်ထားရှိပုံ

၂။ လုပ်ငန်းခွင်ဘေးအန္တရာယ်ကင်းရှင်းရေး၊ လုပ်ငန်းခွင် ကျန်းမာရေးနှင့် မီးဘေးလုံခြုံရေး၊ လုပ်ငန်း ကျွမ်းကျင်မှုမြင့်မားလာစေရေး စသည်တို့အတွက် အောက်ဖော်ပြပါစက်ရုံတွင်းသင်တန်းများနှင့် ပြင်ပသင်တန်း များ ပို့ချဆောင်ရွက်သွားမည်ဖြစ်ပါသည်။

| ကဏ္ဍ | ဆောင်ရွက်မည့်အစီအစဉ် | အကြိမ်ရေ |
|---|---|---|
| လုပ်ငန်းခွင် ကျန်းမာရေးနှင့် ဘေးအန္တရာယ်ကင်းရှင်းရေး | လုပ်ငန်းခွင်ကျွမ်းကျင်မှု သင်တန်းများပို့ချခြင်း၊ လုပ်ငန်းခွင်ဘေးအန္တရာယ်ကင်းရှင်းရေး သင်တန်းများပို့ချခြင်း | ၃ လတစ်ခါ |
| ဓါတုပစ္စည်းသုံးစွဲမှုနှင့် စွန့်ပစ်မှု | ဓါတုပစ္စည်းသိုလှောင်ခြင်း၊ ကိုင်တွယ်အသုံးပြုခြင်းနှင့် စွန့်ပစ်ခြင်း နည်းစနစ်များအား သက်ဆိုင်ရာဝန်ထမ်းများသိရှိစေရန် သင်တန်းပေးခြင်း၊ | လစဉ် |
| မီးလောင်ကျွမ်းမှုနှင့် သဘာဝဘေးအန္တရာယ်ကျရောက်မှု | မီးသတ်ဌာနနှင့်ပူးပေါင်း၍ မီးဘေးလုံခြုံရေးသင်တန်းပေးခြင်း | ၆ လတစ်ခါ |

## မီးဘေးအန္တရယ်ကာကွယ်တားဆီးရေးအတွက် ဆောင်ရွက်ထားရှိသော အစီအမံများ

စီမံကိန်းလည်ပတ်သည့်ကာလအတွင်း ဝါယာလျှော့ဖြစ်ခြင်း၊ လောင်စာများစနစ်တကျ သိုလှောင်မထားခြင်း၊ ကုန်ကြမ်းနှင့် ကုန်ချောများစနစ်တကျမရှိခြင်း၊ လောင်စာဆီယိုဖိတ်ခြင်း စသည့် ပေါ့ဆမှုများနှင့် မတော်တဆမှုအမျိုးမျိုးကြောင့် မီးလောင်ကျွမ်းမှုများ ဖြစ်ပွားနိုင်ပြီး ထိုသို့ မီးလောင်ကျွမ်းပါက စီမံကိန်းလုပ်ငန်းအပြင် နီးစပ်ရာသို့ပါလောင်ကျွမ်းပြီး အသက်အိုးအိမ်စည်းစိမ်များ၊ ဆုံးရှုံးမှုများ ဖြစ်ပေါ်နိုင်စေပါသည်။ ထိုသို့ ဖြစ်ပွားခြင်းမရှိစေရန် လျှပ်စစ်ဝါယာကြိုးများအား ပုံမှန်စစ်ဆေးခြင်း၊ လောင်စာဆီများဖိတ်လျှံပါက ပျံ့နှံ့ သွားခြင်းမရှိစေရန် မြောင်းစနစ်များထားရှိခြင်း၊ ကုန်ကြမ်းကုန်ချောများ စနစ်တကျသိုလှောင်ထားရှိခြင်း၊ အလို လျောက်မီးငြိမ်းသတ်စနစ်များ တပ်ဆင်ထားရှိခြင်း၊ မီးသတ်ဆေးဗူးများအဆင်သင့်ဖြစ်နေစေရန် စီစဉ်ထားရှိ ခြင်း၊ မီးသတ်ဌာနနှင့် ဆက်သွယ်၍ စီမံကိန်းရှိဝန်ထမ်းများအား သင့်လျော်သည့် သင်တန်းများပေးအပ်ခြင်း တို့ကို ဆောင်ရွက်ထားပါသည်။




အလိုအလျောက်မီးသတ်စနစ်တပ်ဆင်ထားမှု




မီးဘေးကာကွယ်ရေးသင်တန်းပေးခြင်း






စက်ရုံအတွင်း/အပြင် Fire Horse Reel များတပ်ဆင်ထားရှိပုံ

Fire Alarm များ တပ်ဆင်ထားရှိပုံ




မီးဘေးအန္တရာယ်ကာကွယ်ရေးစနစ်